***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

# အပိုင်း ၄ ၊ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း

သင်ခန်းစာရည်ရွယ်ချက်များ

သင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းသားများသည် အောက်ဖော်ပြပါအကြောင်းအရာများကို နားလည်သဘောပေါက်နိုင်မည်-

- တွေ့ဆုံမေးမြန်းခြင်း၏ အားသာချက်များနှင့် စိန်ခေါ်မှုများကို အသိအမှတ်ပြုခြင်း
- အထောက်အကူဖြစ်စေသော တွေ့ဆုံမေးမြန်းမှု နည်းစနစ်များနှင့် သင့်လျော်သော မေးခွန်းများကို ဖော်ထုတ်ခြင်း
- ပံ့ပိုးကူညီပေးပြီး ၊ သက်တောင့်သက်သာရှိစေပြီး ၊ အားပေးအားမြှောက်ပေးသည့် ပတ်ဝန်းကျင်တစ်ခုကို မည်သို့ဖန်တီးရမည်ကို ရှင်းပြနိုင်ခြင်း

သင်တန်းကြာမြင့်ချိန် - ၁၅၀ - ၂၄၀ မိနစ်

လေ့ကျင့်ခန်း - တွေ့ဆုံမေးမြန်းခြင်း စီမံချက်ရေးဆွဲခြင်း (၄၅ - ၉၀ မိနစ်)

**နိုင်ငံတကာ လုပ်ထုံးလုပ်နည်း၏ ဆက်စပ်သော သင်ခန်းစာများ**

စာမျက်နှာ ၁၆၀-၁၈၅ ၊ အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm၊ အခန်း ၈ - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း ၉ - လုပ်ငန်း စီမံချက်ရေးစွဲခြင်း ၊ အခန်း ၁၀ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ သက်သေခံအထောက်အထားအမျိုးအစားများ ၊ အခန်း ၁၃ - အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း ၊ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၊ အခန်း ၁၇ - အမျိုးသားနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၊ နောက်ဆက်တွဲ (၁) - သက်သေခံအထောက်အထား လေ့ကျင့်ခန်း စာအုပ်၊ နောက်ဆက်တွဲ (၇) - တွေ့ဆုံမေးမြန်းရာတွင်

စစ်ဆေးရန်စာရင်း ၊ နောက်ဆက်တွဲ (၈) - ကျူးလွန်ခံရသူများ / သက်သေများ ထံမှ စုဆောင်းရမည့် ကိုယ်ရေးကိုယ်တာအချက်အလက်များအတွက် ပုံစံ

ဤသင်ခန်းစာသည် အခန်း ၇ - ၁၀ တွင်ပါရှိသည့် အခြေခံသဘောတရားများအပေါ် ရေးဆွဲထားခြင်းဖြစ် ပြီး ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသူများ နှင့်အခြားသောသက်သေများနှင့်တွေ့ဆုံမေးမြန်းခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းအတွက် အဓိကစီမံချက် ရေးဆွဲခြင်းနှင့် ထည့်သွင်းစဉ်းစားရမည့် ကျင့်ဝတ်ဆိုင်ရာများအပေါ် ပိုမိုအသေးစိတ်ဖော်ပြထားသည်။ ထို့ကြောင့် ဤသင်တန်းပို့ချမည့် သင်တန်းဆရာသည် အထူးသဖြင့် ဒေသန္တရနယ်ပယ်တစ်ခုတွင် လိင်ပိုင်းဆိုင် ရာ အကြမ်းဖက်မှုကျူးလွန်ခံရသူများနှင့် သက်သေများနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရာတွင် အတတ် ပညာပိုင်းဆိုင်ရာ အတွေ့အကြုံရှိရမည်။ ၎င်းတို့သည် တွေ့ဆုံမေးမြန်းမှု နည်းပညာဆိုင်ရာ အသိအမှတ်ပြုခံရ ပြီး အတွေ့အကြုံရှိသော သင်တန်းဆရာဖြစ်သင့်ပြီး၊ တွေ့ဆုံမေးမြန်းမှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်မှုနှင့် လေ့ကျင့်မှုနှင့် ပတ်သက်ပြီး သီးခြားသတ်မှတ်ထားသော အရည်အချင်းများရှိသင့်သည်။

သင်တန်းဆရာသည် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းသည် တွေ့ဆုံမေးမြန်းမှု လက်စွဲစာအုပ်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြသင့်ပြီး သင်တန်းသားများသည် အကောင်းဆုံးအနေဖြင့် နောက်ထပ်အတတ်ပညာ ပိုင်းဆိုင်ရာသင်တန်းများ သို့မဟုတ် သီးခြာတွေ့ဆုံမေးမြန်းမှုနည်းလမ်းများနှင့်ပတ်သက်၍ လမ်းညွှန်ပြသမှု ခံယူခြင်းတို့ကိုပြုလုပ်သင့်သည်၊ သို့သော်လည်း အသက်ရှင်ကျန်ရစ်သူများ၊ သက်သေများ သို့မဟုတ် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် ထိခိုက်ခံစားရသည့် အခြားသူများနှင့် ဆက်ဆံရာတွင် အထောက်အကူပြု နိုင်သည့် အခြေခံသဘောတရားအချို့ရှိသည်။ တွေ့ဆုံမေးမြန်းမှုများသည် ကျူးလွန်ခံရသူများနှင့် သက်သေ များအတွက် အလွန်စိတ်မချမ်းသာစရာ အဖြစ်အပျက်များကို ပြန်လည်ခံစားပြီး မှတ်မိစေရန် တွန်းအားပေး ခြင်းကြောင့် စိတ်ဆင်းရဲစရာ သို့မဟုတ် ပြန်လည်တထိတ်တလန့်ဖြစ်ဖွယ်ရာ အတွေ့အကြုံဖြစ်နိုင်ကြောင်း ၊ သို့သော် မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းပါက တွေ့ဆုံမေးမြန်းမှုများသည် ကျူးလွန်ခံရသူများနှင့် သက်သေများ

ကို လုပ်ပိုင်ခွင့်အာဏာပေးနိုင်ခြင်းနှင့် ထိတွေ့ဆက်ဆံမှုရှိစေပြီး ၎င်းတို့ကို တစ်စုံတစ်ယောက်၏ ဆောင်ကြဉ်းပေးမှုနှင့် ထိန်းချုပ်မှုရှိသည့် ခံစားမှုတစ်ခုပေးနိုင်ကြောင်း သင်တန်းဆရာမှ အလေးထားပြောကြားသင့်သည်။ သင်တန်းဆရာသည် တွေ့ဆုံမေးမြန်းမှုများသည် စစ်ဆေးမေးမြန်းခြင်းနှင့် မတူညီကြောင်း အလေးထားရှင်းပြသင့်သည်။ ပါဝင်သူများမှ တွေ့ဆုံမေးမြန်းသူများအဖြစ် ဖန်တီးထားသော ပတ်ဝန်းကျင်သည် တွေ့ဆုံမေးမြန်းမှု၏ အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုအတွက် အရေးကြီးသည် - ၎င်းတို့ ဖြစ်ပျက်ခဲ့သည့်အရာများကို ပြောပြနိုင်ဖို့အတွက် ဖြေကြားသူအား ယုံကြည်မှုနှင့် စိတ်ချရန် အာမခံချက်ပေးနိုင်ရန် ဖြေကြားသူနှင့် သဟဇာတဖြစ်အောင်ပြုလုပ်ပြီး၊ ယုံကြည်မှုနှင့် လေးစားမှုကိုထူထောင်ပြီး၊ သက်တောင့်သက်သာရှိပြီး လုံခြုံသောပတ်ဝန်းကျင်တစ်ခုကို ပေးဆောင်ပြီး၊ တည်တည်ငြိမ်ငြိမ်၊ စိတ်ရှည်သည်းခံပြီး လေးစားစွာ ဆက်ဆံရမည်။ အကယ်၍ ဖြေကြားသူသည် တွေ့ဆုံမေးမြန်းသူ၊ စကားပြန် သို့မဟုတ် အခြားအဖွဲ့ဝင်များကို မကြိုက်နှစ်သက်ပါက သို့မဟုတ် မယုံကြည်ပါက ဖွင့်ဟပြောကြားမည်မဟုတ်ပါ။

သင်ခန်းစာ၏ ပထမအပိုင်းတွင် တွေ့ဆုံမေးမြန်းခြင်းနည်းလမ်းဖြင့် အချက်အလက်များကို ရယူခြင်း၏ အားသာချက်များနှင့် ဖြစ်နိုင်ခြေရှိသော အခက်အခဲအချို့ကို ရှင်းပြထားသည်။ သင်တန်းဆရာသည် တွေ့ဆုံမေးမြန်းခြင်းတွင် သင်တန်းသားများ၏ အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် အောင်မြင်သည့် နည်းလမ်းများကို ဆွေးနွေးရန်တိုက်တွန်းသင့်သည်။ သင်ခန်းစာ၏ နောက်အပိုင်းတွင် PEACE ပုံစံ (ပါဝါပွိုင့် အချပ် ၅-၁၀) အရ သင်တန်းသားများ၏ တွေ့ဆုံမေးမြန်းခြင်း စီမံချက်ရေးဆွဲခြင်းနှင့် စနစ်တကျဖွဲ့စည်းတည်ဆောက်ခြင်းအတွက် အသုံးဝင်နိုင်မည့် အလားအလာရှိသော မူဘောင်တစ်ခုကို ပြသထားသည်။ သင်တန်းဆရာသည် PEACE မူဘောင်၏ အခြေခံသဘောတရားနှင့် အဆင့်များကို သင်တန်းသားများအား အကျွမ်းတဝင်ရှိစေရန် ဆောင်ရွက်ပေးသင့်ပြီး၊ ၎င်းအကြောင်းအရာနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေကြားနိုင်စွမ်းရှိစေရန် ဆောင်ရွက်ထားသင့်သည်။ သီးခြားတွေ့ဆုံမေးမြန်းမှု တစ်ခုစီ၏ အသေးစိတ်အချက်အလက်များကို တည်ဆောက်နိုင်ရန် PEACE မူဘောင်နှင့် တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း (နောက်ဆက်တွဲ - ၇ ) ကို ပုံကြမ်းတစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။ သင်တန်းဆရာမှ သင်တန်းသားများအား

တွေ့ဆုံမေးမြန်းမှု၏ မတူညီသောအဆင့်များ ( စီမံချက်ရေးဆွဲခြင်း၊ ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်း၊ အသေးစိတ် ဖြစ်ရပ်ကို ဖော်ပြခြင်းနှင့် ရှင်းလင်းစေခြင်း၊ လုပ်ငန်းစဉ် အဆုံးသတ်ခြင်းနှင့် အကဲဖြတ်လေ့လာခြင်း) ကြား အခြေ အနေတိုးတက်လာပုံနှင့် မတူညီသော အဆင့်တစ်ခုစီတိုင်းတွင် မည်သည့်လုပ်ဆောင်မှု သို့မဟုတ် နည်းစနစ် များသည် သင့်လျော်သည် သို့မဟုတ် လိုအပ်သည်ကို နားလည်သဘောပေါက်စေရန် လုပ်ဆောင်ပေးသင့် သည်။

သင်ခန်းစာ နောက်အပိုင်းတွင် တွေ့ဆုံမေးမြန်းမည့်နေရာများ (ပါဝါပွိုင့် အချပ် ၁၁-၁၃) နှင့် ပတ်သက်၍ ဖော်ပြထားပြီး၊ သင်တန်းဆရာမှ သင်တန်းသားများအား ဤကိစ္စရပ်နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံ များကို မေးမြန်းသင့်သည်။ အချို့သည် ရုံးများ သို့မဟုတ် ဆေးခန်းများတွင်သာ တွေ့ဆုံမေးမြန်းဖူးပေလိမ့် မည်၊ အချို့မှာ ဒုက္ခသည်စခန်းရှိ သစ်ပင်များအောက်တွင် သို့မဟုတ် ခြောက်သွေ့သော မြစ်ကမ်းနဖူးများတွင် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ဖူးနိုင်သည်။ သင်တန်းသားများသည် ပြီးပြည့်စုံသော တွေ့ဆုံမေးမြန်းမည့်နေရာ ကို မကြာခဏရရှိနိုင်မည်ဟုတ်ကြောင်းနှင့် ၎င်းတို့သည် တွေ့ဆုံမေးမြန်းမှုပြုလုပ်မည့်နေရာအား ရွေးချယ် ရာတွင် ဖြေကြားသူများ၏ သက်တောင့်သက်သာရှိမှု၊ လုံခြုံမှုနှင့် အဆင်ပြေမှုတို့ကို ဦးစားပေးဆောင်ရွက်ရ မည်ဖြစ်ကြောင်း နားလည်ထားသင့်သည်။ သင်တန်းသားများသည် နေရာအခင်းအကျင်း၏ အလုံးစုံသာမက (၎င်း၏ ကြားနေမှု ၊ ကဲ့ရဲ့အပြစ်ဆိုခြင်းကို ရှောင်ရှားရန် SGBV သို့မဟုတ် ညှင်းပန်းနှိပ်စက်မှုနှင့် ဆက်စပ်မှု မရှိခြင်း၊ အကြားအာရုံနှင့် အမြင်အာရုံဆိုင်ရာ ကိုယ်ရေးကိုယ်တာကိစ္စများကို လျှို့ဝှက်ထားနိုင်မှု၊ ဖြေဆိုသူ များအတွက် လက်လှမ်းမီနိုင်မှုနှင့် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးမှု) ၊ တွေ့ဆုံမေးမြန်းမှုပြုလုပ် မည့် သီးခြားနေရာ (အိမ်တွင်း သို့မဟုတ် အပြင်ဘက်၊ နေရာထိုင်ခင်း အစီအစဉ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ထည့်တွက်စဉ်းစားရမည့်အချက်များ) ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

ပါဝါပွိုင့် အချပ် ၁၄ - ၁၆ သည် စကားပြန်များနှင့် အလုပ်လုပ်သည့်အခါ အထူးထည့်သွင်းစဉ်းစားရမည့် အချက်များကို ဖော်ပြထားသည်။ သင်တန်းဆရာသည် သင်တန်းသားများအား စကားပြန်များရွေးချယ်နည်း

ရှင်းလင်းဖော်ပြထားသည့် အခန်း - ၉ (စီမံချက်ရေးဆွဲခြင်း) ကို ရည်ညွှန်းခြင်းနှင့် ၎င်းတို့သည် CARSV ကျူးလွန်ခံရသူ များ / သက်သေများနှင့် လုပ်ကိုင်ရန်အတွက် သင့်လျော်သော ကျွမ်းကျင်မှုများရှိပြီး စာနာတတ်သူများဖြစ်နေရန် လိုအပ်ကြောင်း ရှင်းပြသင့်သည်။ သင်တန်းဆရာအနေဖြင့် စကားပြန်များသည် ကျူးလွန်ခံရသူများ / သက်သေများနှင့် ဆက်သွယ်ပြောဆိုရာတွင် ပံ့ပိုးပေးသူ (ဆွေးနွေးမှုတွင် ပါဝင်သူ မဟုတ်သလို အသင်း၏အဖွဲ့ဝင်လည်းမဟုတ်ပါ၊ အသင်း၏ လုပ်ငန်းစဉ်ကို ဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးသူဖြစ်ပြီး၊ ၎င်းတို့သည် ကျင့်ဝတ်ပျက်ပြားပုံ သို့မဟုတ် စာနာစိတ်ကင်းမဲ့သောပုံ ပေါ်နေပါက ကျူးလွန်ခံရသူများ/သက်သေများမှ ဖွင့်ဟပြောဆိုမည်မဟုတ်ကြောင်း ထပ်လောင်းပြောကြားသင့်သည်။

သင်တန်းဆရာသည် ဤလုပ်ငန်းကို ဆောင်ရွက်နေသည့် ကျွမ်းကျင်စကားပြန်များအတွက် အချို့သော အဓိက အခြေခံသဘောတရားများကို အလေးထားရှင်းပြသင့်သည်။ စကားပြန်များသည် - တိုက်ရိုက်ပြောစကားကို အသုံးပြုရမည် (ဥပမာ ဆိုလိုသည်မှာ - "*သင်* ***you*** အသက်ဘယ်လောက်ရှိပြီလဲ?" ဟု မေးရမည် ၊ "သူမ သိချင် တာက *သင်* ***you*** အသက် ဘယ်လောက်ရှိပြီလဲ" ဟု မေးမြန်းခြင်းမပြုရပါ ၊ ရှင်းလင်းချက်လိုအပ်မည့် လိင်ပိုင်းဆိုင် ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်သော စကားလုနှင့် ဘာသာစကား/ယဉ်ကျေးမှုဆိုင်ရာ အရိပ်လက္ခဏာများ ( ဥပမာ ဆိုလိုသည်မှာ - မုဒိမ်းမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုကို ဖော်ပြရန်အတွက် - "သူတို့က ငါ့ကိုနာကျင်အောင်လုပ်ခဲ့တယ်" သို့မဟုတ် "သူငါ့ကို မလေးမစားလုပ်ခဲ့တယ်" ဟု ပြောကြားခဲ့ခြင်း) ကို မှတ်မိခြင်းနှင့် အချက်အပြခြင်း (ဥပမာ - မေးမြန်းသူသည် ၎င်းတို့ကို သတိမပြုမိပါက သို့မဟုတ် မမှတ်မိ ပါက) - သို့သော် မေးမြန်းသူမှ အသုံးပြုခဲ့သည့်စကားလုံးများမှလွဲ၍ အခြားစကားလုံးများကို လွတ်လပ်စွာ စကားပြန်ဆိုခြင်းမပြုရပါ၊ စကားပြန်များသည် ဖြေကြားသူ သို့မဟုတ် မှတ်တမ်းတင်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးမှ ပြောကြားခဲ့သည်ဖြစ်စေ၊ အပြည့်အဝ မမှတ်မိသည့် မည်သည့်အသုံးအနှုန်းမျိုးကိုမဆို နားလည်အောင်လုပ်ရ မည်ဖြစ်ပြီး၊ လူတစ်ယောက်က ပြောကြားခဲ့သည့် အဓိပ္ပါယ်ကို ၎င်းအနေဖြင့် မည်သို့ပြောကြားခဲ့သည်ဟု ထင်မြင်ပြီး ပြောင်းလဲပြောဆိုခြင်း သို့မဟုတ် သက်ဆိုင်ခြင်းမရှိဟုထင်၍ ချန်လှပ်ထားခဲ့ခြင်းမျိုးမလုပ်ရပါ။ လူများသည် "စကားလုံးတစ်လုံးချင်းစီ" ကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈ 

ဘာသာပြန်ပေးရန် စကားပြန်များကို မကြာခဏ ညွှန်ကြားလေ့ရှိ သော်လည်း ဘာသာစကားများကြားမှာ ကွဲပြားမှုများရှိနေသည့်အတွက် မဖြစ်နိုင်ကြောင်း သင်တန်းဆရာမှ ရှင်းပြနိုင်သည်။ စကားပြန်မှ စကားပြန်ဆိုပေးနေသည့် ဘာသာစကားတွင် စကားလုံး သို့မဟုတ် စကားစု တစ်ခုနှင့် တူညီသည့် တိုက်ရိုက်အဓိပ္ပါယ် မရှိပါက၊ စကားပြန်သည် သက်သေမှ အသုံးပြုခဲ့သည့် စကားလုံး အတိအကျကို အနီးစပ်ဆုံးဖြစ်နိုင်မည့် ဘာသာပြန်ဆိုချက်နှင့် ကိုက်ညီမှုရှိအောင် ပြောင်းလဲရမည်။ အလွန် အရေးကြီးဆုံးအချက်မှာ ဖြေကြားသူ သို့မဟုတ် မေးမြန်းသူပြောကြားခဲ့သည့် စကား၏ *အဓိပ္ပါယ်*ကို စကားပြန်က မပြောင်းလဲဘဲ မူလအတိုင်း ထိန်းသိမ်းထားရန်ဖြစ်သည်။ အကယ်၍ စကားပြန်သည် ဖြေကြားသူ သို့မဟုတ် မေးမြန်းသူ၏ ဆိုလိုရင်းကို မသေချာပါက၊ ယင်းကို ရှင်းလင်းအောင် လုပ်သင့်သည်။

ပါဝါပွိုင့် အချပ် ၁၇-၁၉ သည် "ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်း" နှင့် "လုပ်ငန်းစဉ် အဆုံးသတ်ခြင်း" အဆင့်များမှ အဓိကအချက်များပါဝင်သည်။ သင်တန်းသားများသည် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း လုပ်ဆောင်ရမည့် အနိမ့်ဆုံးသတ်မှတ်ချက်များနှင့် မရှိမဖြစ်လိုအပ်သော အပြုအမူများအကြောင်း နောက်ထပ်အသေးစိတ် အချက်အလက်များအတွက် နောက်ဆက်တွဲ - ၇ (တွေ့ဆုံမေးမြန်းရာတွင် စစ်ဆေးရန်စာရင်း) ကို ကိုးကားသင့် သည်။

နောက်သင်ခန်းစာတွင် မေးခွန်းအမျိုးအစားများနှင့် မေးခွန်းမေးရန် ဖြစ်နိုင်ချေရှိသော အကြောင်းအရာများကို ဖော်ပြထားသည် (ပါဝါပွိုင့် အချပ် ၂၀ -၂၆)။ သင်တန်းဆရာသည် လွတ်လပ်စွာ စဉ်းစားဖြေဆိုနိုင်မည့် မေးခွန်းပုံစံများဖြစ်သည့် အဖွင့်မေးခွန်းများ၊ TED မေးခွန်းများ (ကျွန်တော်ကို ပြောပြပါ၊ ကျွန်တော်ကို ရှင်းပြပါ၊ ကျွန်တော်ကို ဖော်ပြပေးပါ) နှင့် WH မေးခွန်းများ (ဘယ် ၊ ဘယ်အချိန်၊ ဘယ်မှာ၊ ဘယ်သူ၊ ဘယ်လိုသိရှိသလဲ / ဘယ်အရာက နိဂုံးချုပ်သုံးသပ်ချက်ကို ရရှိစေခဲ့သလဲ) နှင့် အကျွမ်းတဝင်ရှိသင့်ပြီး၊ နိမိတ်ပြ သို့မဟုတ် ထင်မြင်ချက်/ထုတ်ပြန်ချက် မေးခွန်းများ၊ ရွေးချယ်စရာ မေးခွန်းများ သို့မဟုတ် အတင်းအကျပ်ရွေးချယ်ခိုင်းသည့် မေးခွန်းများကဲ့သို့ အထောက်အကူပြုနိုင်မှု နည်းပါးသော မေးခွန်းပုံစံများ

ကို ရှောင်ရှားသင့်သည်။ အခြားလမ်းညွှန်ချက်များစွာတွင် WH မှတ်ဉာဏ်ကူ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် "ဘာကြောင့်" မေးခွန်းများပါရှိသည်ကို သင်တန်းဆရာမှ အထူးဂရုပြု ရှင်းပြသင့်သည်၊ သို့သော် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအရ ၎င်းတို့အား အသုံးပြုမှုကို ဆန့်ကျင်ကြောင်း အကြံပြုထားသည်။ "ဘာကြောင့်" မေးခွန်းများသည် အချက်အလက်ပေါ်အခြေခံသည့် တုံ့ပြန်မှုထက် ထင်မြင်ယူဆချက် တုံ့ပြန်မှုကို အလွယ်တကူ ဖိတ်ခေါ်နိုင်ပြီး ဖြေဆိုသူများအား ရှုတ်ချခြင်း သို့မဟုတ် အပြစ်တင်ခြင်း (ဥပမာ - *"ဘာကြောင့် သင် you မထွက်ပြေးခဲ့တာလဲ?"* လည်းဖြစ်နိုင်သည်။ သင်တန်းဆရာသည် မေးခွန်းအမျိုးအစားတစ်ခုစီအလိုက် နမူနာ များစွာနှင့် ၎င်းတို့ကို အသုံးပြုရန် သင့်လျော်၊ မသင့်လျော်သည့် အခြေအနေများနှင့် ပတ်သက်ပြီး အသေးစိတ် ရှင်းပြပေးနိုင်ရမည်။ သင်တန်းဆရာသည် မသင့်လျော်သောမေးခွန်းများကို ပြင်ဆင်ရန် သင်တန်းသားများကို မေးမြန်းခြင်း သို့မဟုတ် ကူညီပေးခြင်းများ ဆောင်ရွက်ပေးသင့်ပြီး၊ လုံလောက်သောအချိန်ရှိပါက ၎င်းအား သင်ခန်းစာအောက်တွင် သင့်လျော်သလို အသေးစားလေ့ကျင့်ခန်းအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်သည်။

ယေဘုယျအားဖြင့် ၊ သင်တန်းသားများသည် ဇာတ်ကြောင်းပြန် အဖြေတစ်ခုကို ဖိတ်ခေါ်ပေးနိုင်သည့် အဖွင့် မေးခွန်းများကိုသာ အသုံးပြုရန် ရည်ရွယ်သင့်သည်။ အပိတ်မေးခွန်းများသည် ဖြေကြားသူများကို ဖြစ်စဉ်အစုံ အလင်ကို ပွင့်လင်းစွာ ရှင်းပြရန် လှုံ့ဆော်ပေးမှုမရှိခြင်းနှင့် အဖြေကိုအစဖော်ပေးခြင်းကြောင့် အပိတ်မေးခွန်း များကို ယေဘုယျအားဖြင့် ရှောင်ရှားသင့်သည်။ အပိတ်မေးခွန်းများသည် သီးခြားအသေးစိတ်အချက်အလက် များကို ရှင်းလင်းစေရန်အတွက် တွေ့ဆုံမေးမြန်းမှု နောက်ဆုံးအချိန်တွင် မေးမြန်းခြင်း သို့မဟုတ် ရှောင်လွှဲ တတ်သော သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုမရှိသော သက်သေတစ်ဦးနှင့် ဆက်ဆံရသည့်အခါတွင် အထူး သင့်လျော်သည်။ ၎င်းတို့ကို အောက်ဖော်ပြပါအခြေအနေမျိုးတွင် နောက်ဆုံးရွေးချယ်စရာအဖြစ်အသုံးပြု သင့်သည် - (၁) သတ်မှတ်ထားသောအကြောင်းအရာတစ်ခုခုအတွက် သင်သည် အမှန်တကယ်တိကျသော အဖြေဟုတ်မဟုတ် အဖြေတစ်ခုလိုအပ်နေခြင်း၊ (၂) အခြားသက်ဆိုင်ရာအချက်အလက် အားလုံးကို သက်သေမှ လွတ်လပ်စွာ ဖြေဆိုထားခြင်း၊ (၃) အဆိုပါအချက်အလက်များကို တောင်းခံရန် အခြားပွင့်လင်း

သောနည်းလမ်းအားလုံးကို အသုံးပြုခဲ့ပြီးဖြစ်သော်လည်း သင်သည်အဖြေမရရှိခဲ့ခြင်း (အဖြေသည် "ကျွန်တော်/မ မသိဘူး" သို့မဟုတ် "ကျွန်တော်/မ မမှတ်မိဘူး" ဖြစ်နိုင်ကြောင်း သတိပြုပါ။ သင်တန်းဆရာသည် ကလေးသူငယ်များကို မေးမြန်းရာတွင် မေးခွန်းများကို မည်ကဲ့သို့ စကားအသုံးအနှုန်းဖြင့် မေးမြန်းရမည်ကို ဂရုတစိုက်စဉ်းစားရန် သင်တန်းသားများအားတိုက်တွန်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလွန်နားယောင်လွယ်ပြီး၊ အကြောင်းအရာများကို တိုက်ရိုက်အဓိပ္ပာယ်ကောက်ယူပြီး၊ လူကြီး တစ်ယောက်အား ဖြေသိမ့်ပေးမည့် သို့မဟုတ် စိတ်ကျေနပ်စေမည့် အဖြေတစ်ခုပေးရန် ကြိုးစားအားထုတ် ခြင်းကြောင့်ဖြစ်သည်။ အကယ်၍ သင်တန်းဆရာ သို့မဟုတ် သင်တန်းသားတစ်ဦးဦးသည် ကလေးသူငယ်များ နှင့် တွေ့ဆုံမေးမြန်းဖူးသည့် အတွေ့အကြုံရှိပါက၊ ၎င်းတို့သည် ထိုအတွေ့အကြုံများနှင့် အကြံဉာဏ်များ သို့မဟုတ် သင်ယူလေ့လာရရှိခဲ့သည့် အတွေ့အကြုံသင်ခန်းစာများကို ကျန်အဖွဲ့နှင့် မျှဝေသင့်သည်။ ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု (CARSV) ကျူးလွန်ခံရသည့် ကလေးသူငယ်များ / သက်သေများအား တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ သီးခြားလမ်းညွှန်ချက်ကို သင်ခန်းစာ - ၁၆ (ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ) တွင် ဖော်ပြထားသည်။ ထို့အပြင်၊ သင်ခန်းစာ - ၁၇ (အမျိုးသားနှင့် ယောကျာ်းလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) သည် အကြမ်းဖက်မှုကျူးလွန်ခံရသည့် အမျိုးသားများနှင့် ဆက်ဆံရာတွင် နောက်ထပ်ထည့်သွင်း စဉ်းစားရမည့်အရာများပါဝင်သည်။ <u>သင်တန်းသားများအနေဖြင့် ၎င်းတို့တွင် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှု မရှိပါက ကလေးသူငယ်များအား တွေ့ဆုံမေးမြန်းခြင်းမပြုလုပ်ဖို့ တားမြစ်သင့်သည်။</u>

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ အကြောင်းအရာများအားလုံးကို သီးခြား၊ သာမန် ဆက်စပ်မှုရှိသော အကြမ်းဖက်မှု၏ သီးခြားလုပ်ရပ်(များ)အဖြစ် သာမက ၊ ကျူးလွန်ခံရသူ/ သက်သေ ၊ သူ/သူမ၏ မိသားစုနှင့် အသိုင်းအဝိုင်း (ထိခိုက်မှု သက်သေခံအထောက်အထားနှင့် လျော်ကြေးများ/ပြန်လည်ကုစား ပေးလျော်ခွင့် reparations များအတွက် သက်ဆိုင်သည့် အခြား သက်သေခံအထောက်အထား) ကိုပါ မည်ကဲ့သို့ ထိခိုက်နစ်နာမှုရှိစေခဲ့သည် မေးခွန်းများကို မေးမြန်းခြင်းအပါ အဝင်၊ ၎င်းအား နိုင်ငံတကာ ရာဇဝတ်မှု

သို့မဟုတ် ချိုးဖောက်မှုတစ်ခုကဲ့သို့ မေးခွန်းများ မေးမြန်းရခြင်း၏ အရေးကြီးပုံကို သင်တန်းသားများ မှတ်မိအောင် လုပ်ဆောင်ပါ။

သင်တန်းဆရာသည် ဥပဒေရေးရာဆိုင်ရာ သင်ခန်းစာများ (အခန်း ၃ - ၆) ၏ လမ်းညွှန်ချက် သို့မဟုတ် အချို့သော ပါဝါပွိုင့်များကို ကိုးကားရန်လိုအပ်မည်။ သင်တန်းဆရာသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွင် ဖော်ပြထားသော ထိုကဲ့သို့မေးခွန်းများ၏ အသေးစိတ်ဥပမာများကို အလေးထားရှင်းပြသင့်သည်။ သင်တန်းသားများသည် သက်သေပြသရမည့် သီးခြားသတ်မှတ်ထားသည့် တရားဥပဒေဆိုင်ရာအကြောင်း အရာများ၏ စကားအသုံးအနှုန်းများအကြား ခြားနားချက်ကို နားလည်ရန်အရေးကြီးသည် (ဥပမာ - ထိုးသွင်း ခံရခြင်း၊ သို့သော် အနည်းငယ်ရှိ) ၊ ဖြေကြားသူထံမှ သုံးသပ်ချက် သို့မဟုတ် မှန်ကန်ကြောင်း အခိုင်အမာ ပြောဆိုခြင်းထက် အဆိုပါအခြေခံသဘောတရားကို ဖြည့်ဆည်းပေးနိုင်မည့် အချက်အလက်များကို ရယူနိုင် ရန်အတွက် မေးခွန်းတစ်ခုကို စကားရပ် ပြင်ဆင်မေးမြန်းခြင်း ( ဥပမာ - *"သင်* ***you*** *ကို အတင်းအဓမ္မ ထိုးသွင်းခဲ့တာ လား"* ဟု မေးမြန်းမည့်အစား *"သင်* ***you*** *ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းကို သူတို့ဘာလုပ်ခဲ့ကြတာလဲ?"* ) သည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ သင်တန်းသားများသည် သက်သေများကို ၎င်းတို့၏မေးခွန်းများဖြင့် အစ ဖော်ခြင်း သို့မဟုတ် ဩဇာလွှမ်းမိုးခြင်း ( *"ခုနက သင်* ***you*** *တွေ့ခဲ့တဲ့ တပ်မှူးနဲ့ အတူတူပဲလား"* ) သို့မဟုတ် အဖြေ များသည် မည်ကဲ့သို့ဖြစ်သင့်သည် သို့မဟုတ် ဖြစ်နိုင်ချေများနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်ပိုင်ယူဆချက် တစ်ခုခု ဖန်တီးခြင်းကို ရှောင်ကြဉ်ရန်လည်း သတိပြုရမည်။

ပါဝါပွိုင့်များ ၂၇ - ၃၂ သည် တွေ့ဆုံမေးမြန်းခြင်းနည်းလမ်းများကို ဖော်ပြထားရှိပြီး၊ ပါဝါပွိုင့်တစ်ချပ်စီတိုင်း တွင် တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းစဉ်၏ သီးခြားရှုထောင့်တစ်ခုစီဖြစ်သည့် မေးခွန်းများရွေးချယ်ခြင်းမှ မေးမြန်းသူ၏ ပြုမူနေထိုင်ပုံ၊ သာမန်စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများအတွက် ပြင်ဆင်ခြင်းနှင့် ထိခိုက်နစ်နာမှု မရှိစေခြင်း သို့မဟုတ် သမားရိုးကျပုံစံဖြင့် အထက်စီးမှ ဆက်ဆံခြင်းကို ရှောင်ကြဉ်ခြင်း အစရှိသည်တို့ကို

ဖော်ပြထားသည်။ သင်တန်းဆရာသည် အကြောင်းအရာတစ်ခုစီတိုင်းကို ဂရုတစိုက်ကိုင်တွယ်သင့်ပြီး၊ မေးခွန်းမေးမြန်နိုင်ရန် အချိန်များစွာ ခွင့်ပြုပေးပြီး၊ ပဋိပက္ခကိုသတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း မရှိစေမှု/မထိခိုက်စေပါနှင့် Do No Harm အခြေခံသဘောတရား၊ ဘေးကင်းရေးနှင့် လုံခြုံရေး၊ စကားပြန်များနှင့် လုပ်ကိုင် ဆောင်ရွက်ခြင်းနှင့် အဓိကစီမံချက်ရေးဆွဲခြင်းကဲ့သို့သော အခြားသင်ခန်းစာများရှိ ဆက်စပ်ပြဿနာများနှင့် ချိတ်ဆက် အားဖြည့်ပေးရမည်။

သင်တန်းဆရာသည် တွေ့ဆုံမေးမြန်းမည့်အဖွဲ့၏ ကျား/မ gender ဖွဲ့စည်းမှုဆိုင်ရာကိစ္စကို အထူးအသားပေး ဆောင်ရွက်သင့်ပြီး၊ ၎င်းသည် စီမံချက်ရေးဆွဲခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းအဆင့်နှစ်ခုစလုံးတွင် ဂရုတစိုက် ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ အချို့သော သင်တန်းသားများသည် CARSV ကျူးလွန်ခံရသူ အမျိုးသမီး များသည် အမျိုးသမီး မေးမြန်းသူနှင့်စကားပြောရန် သက်တောင့်သက်သာဖြစ်ပြီး သို့မဟုတ် အမျိုးသားများ သည် အမျိုးသား မေးမြန်းသူနှင့်စကားပြောရန် သက်တောင့်သက်သာဖြစ်လိမ့်မည်ဟု ယုံကြည်ကြသည်။ ၎င်းသည်အမြဲတမ်း မဟုတ်ကြောင်း အလေးထားရှင်းပြသင့်ပြီး အရည်အချင်းပြည့်ဝပြီး၊ ပညာရှင် ပီသပြီး၊ သနားကြင်နာမှုရှိပြီး ဝေဖန်ခြင်းမရှိသော မေးမြန်းသူသည် အသက်ရှင်ကျန်ရစ်သူတစ်ဦးနှင့် လိင်တူညီသူ တစ်ဦးထက် ပိုမိုကောင်းမွန်သောဆက်ဆံရေးကို ထူထောင်နိုင်မည်ဖြစ်ကြောင်း သင်တန်းဆရာက အလေး ထားရှင်းပြသင့်သည်။ အကယ်၍ဖြစ်နိုင်ပါက၊ ဖြေကြားသူသည် အမျိုးသား သို့မဟုတ် အမျိုးသမီးမေးမြန်းသူ သို့မဟုတ် စကားပြန်ဖြင့် ဖြေကြားရန် လိုလားခြင်း ရှိမရှိကို အမြဲရွေးချယ်ခွင့်ပေးသင့်သည်။ ဝန်ထမ်း သို့မဟုတ် အရင်းအမြစ် ကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းသည် အမြဲတမ်းဖြစ်နိုင်ခြေမရှိဟု ဆိုလို နိုင်သော်လည်း၊ ၎င်းကို စီမံချက်ရေးဆွဲခြင်းအဆင့်တွင် ကျူးလွန်ခံရသူ/သက်သေများအတွက် အသင့်တော် ဆုံးချဉ်းကပ်မှုကို ဖော်ထုတ်သည့်အခါနှင့် အသင့်လျော်ဆုံး တွေ့ဆုံမေးမြန်းခြင်းအဖွဲ့ကို စတင်ဖွဲ့စည်းသည့် အခါတွင် ထည့်သွင်းစဉ်းစားရမည့် အရေးကြီးကိစ္စတစ်ခုဖြစ်သည်။

နောက်ဆုံးအပိုင်းသည် တွေ့ဆုံမေးမြန်းမှု အချက်အလက်ကို မှတ်တမ်းတင်ခြင်းနှင့် သိမ်းဆည်းခြင်း (ပါဝါပွိုင့် ၃၃ - ၃၆) နှင့် ဆက်စပ်ပြီး၊ အခန်း - ၁၃ (အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း) တွင်ပါရှိ သော အခြေခံမူများနှင့် ချိတ်ဆက်သင့်သည်။ စီမံချက်ရေးဆွဲခြင်းနှင့်ပြင်ဆင်ခြင်းအဆင့်တွင်၊ တွေ့ဆုံမေးမြန်း မှုကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ချက် *မချခင်* ၊ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းရာတွင် ၎င်းတို့၏ တာဝန်ယူမှုနှင့် လုပ်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားရမည့်အချက်ကို သင်တန်းဆရာမှ အလေးထား ရှင်းပြသင့်သည်။ ကိုယ်ရေးကိုယ်တာအချက်အလက် သို့မဟုတ် တွေ့ဆုံမေးမြန်းမှုတစ်ခု၏ အကြောင်းအရာ များကို မှတ်တမ်းတင်ခွင့်ပြုရန် တောင်းဆိုခြင်းသည်၊ အထူးသဖြင့် ဖြေကြားသူများသည် ယခင်က စစ်ဆေး မေးမြန်းမှုပြုလုပ်ခဲ့ရာတွင် ဆိုးရွားသော အတွေ့အကြုံရှိခဲ့ပါက ၎င်းတို့အတွက် စိတ်ဖိစီးမှု သို့မဟုတ် စိတ် အနှောင့်အယှက်ဖြစ်စေသော ခံစားမှုမျိုးဖြစ်နိုင်သည်ဟု သင်တန်းဆရာမှ ရှင်းပြသင့်သည်။

အကယ်၍ ဖြေကြားသူသည် ချဉ်းကပ်ခြင်းနှင့် ရှင်းပြခြင်းအဆင့်တွင် အချက်အလက်မှတ်တမ်းတင်ခြင်း အတွက် စိုးရိမ်ပူပန်မှု သို့မဟုတ် စိတ်ဖိစီးမှုဖြစ်လာပါက တွေ့ဆုံမေးမြန်းမှုအား ဆက်လက်လုပ်ဆောင်သွား ပြီး၊ ဖြေကြားသူနှင့် ဆက်ဆံရေးနှင့် ယုံကြည်မှုကို ဆက်လက်တည်ဆောက်၍ လုပ်ငန်းစဉ်အဆုံးသတ်ခြင်း အဆင့်တွင် အဆိုပါကိစ္စရပ်ကို နောက်တစ်ကြိမ်ဆွေးနွေးသင့်သည်။ တွေ့ဆုံမေးမြန်းခြင်း၏ အခြားသော ရှုထောင့်များကဲ့သို့ပင် ကိုယ်ရေးကိုယ်တာအချက်အလက်များကို မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်း ခြင်းအတွက် ကြိုတင်အသိပေးခွင့်ပြုချက်ရယူခြင်းသည် ထိခိုက်လွယ်သောပြဿနာဖြစ်ပြီး ၎င်းသည် ဖြေကြားသူ၏ ယုံကြည်စိတ်ချမှုကို ရရှိရန် သင်တန်းသားများမှ မည်သည့်အတိုင်းအတာအထိ လှုံ့ဆော်ပေး နိုင်သည့်အပေါ် မူတည်နေသည်ကို တည်ရှိထားသင့်သည်။ သင်တန်းသားများသည် ကျူးလွန်ခံရသူ / သက်သေ (ပထမလူ/ကာယကံရှင် first person အမြင်ရှုထောင့် / တတိယလူ(အပြင်လူ/ ကြားလူ third person) အမြင်ရှုထောင့်) မှ ရရှိသောအချက်အလက်များကို မည်ကဲ့သို့မှတ်တမ်းတင်မည်ကိုလည်းထည့်သွင်းစဉ်းစားသင့်သည်။ ဤနိုင်ငံတကာလုပ်ထုံးလုပ်နည်းသည်

ပထမလူအမြင်ရှုထောင့်မှ အချက်အလက်မှတ်တမ်းတင်ရန် ဘုံလမ်းညွှန်မှုအဖြစ် အထောက်အကူပြုသည်၊ သို့သော် တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ခုကို ရရှိထားသူများအတွက်သာဖြစ်သည်။ တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ခုမရှိသော လက်တွေ့ကျင့်သုံးဆောင်ရွက်သူများသည် အဖြစ်အပျက်များ၏ ခိုင်လုံသော မှတ်တမ်းတစ်ခုသည် နောက်ပိုင်းအဆင့်တွင် တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ရရှိထားသူများ၏ တရားဝင် ထုတ်ပြန်ချက်များနှင့် ပဋိပက္ခဖြစ်ပွားနိုင်ခြင်း သို့မဟုတ် ကျူးလွန်ခံရသူ/ သက်သေတစ်ဦး၏ ယုံကြည်လေးစားခံရမှုကို စမ်းသပ်ခံရခြင်းတို့ကို မည်ကဲ့သို့ရှောင်ရှားရမည်ကို ဂရုစိုက် စဉ်းစားသင့်သည်။ ၎င်းတို့သည် တွေ့ဆုံမေးမြန်းမှုမှတ်စုများကို တတိယလူ အမြင်ရှုထောင့်မှ ရေးသား၍ အချက်အလက်များကို မှတ်တမ်းတင်ခြင်း ၊ မှတ်စုများကို ကျူးလွန်ခံရသူ/ သက်သေမှ လက်မှတ်ရေးထိုးခြင်းမှ ရှောင်ရှားခြင်း၊ သို့မဟုတ် အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းတင်ခြင်းမှ ရှောင်ရှားခြင်းတို့ကို စဉ်းစားသင့်သည်။

သီးခြား ဥပဒေစနစ်တစ်ခုတွင် တွေ့ဆုံမေးမြန်းမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းတင်ရန် တရားဝင်လိုအပ်နိုင်သည်မှလွဲ၍၊ ဖြေကြားသူအများစုသည် မှတ်တမ်းတင်ခံရခြင်းအတွက် ကသိကအောက်ဖြစ်ရခြင်းကြောင့် တွေ့ဆုံမေးမြန်းသူ ပညာရှင်များစွာသည် အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းတင်မှုဆောင်ရွက်ခြင်းကို ဆန့်ကျင်ရန် ပြင်းထန်တင်းကျပ်စွာ အကြံပြုသည်။ ဤအချက်သည် သင်တန်းသားများနှင့် ဆွေးနွေး ရမည့် အရေးကြီးသော ရှုထောင့်တစ်ခုဖြစ်သည်။ ဤကိစ္စရပ်၏ အစိတ်အပိုင်းတစ်ခုမှာ မှတ်တမ်းတင်သူများ တွင် မှတ်တမ်းတင် ကိရိယာများ ရယူထိန်းသိမ်းခြင်း၊ ရိုက်ကူးထားသော မှတ်တမ်းများကို ကူးယူ မှတ်သားခြင်းနှင့် စစ်ဆေးခြင်း၊ ၎င်းမှတ်တမ်းများနှင့်အတူ လုံခြုံစွာ ခရီးသွားခြင်းနှင့် အချိန်နှင့်အမျှ သိမ်းဆည်းထားရန် စွမ်းဆောင်ရည်/အရင်းအမြစ်များ ရှိမရှိဖြစ်သည်။

<u>လေ့ကျင့်ခန်း ညွှန်ကြားချက်</u>

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

"တွေ့ဆုံမေးမြန်းမှု စီမံချက်ရေးဆွဲခြင်း" လေ့ကျင့်ခန်းအတွက် ၊ သင်တန်းဆရာသည် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းမှ အကြံပြုထားသော ဖြစ်စဉ်များ သို့မဟုတ် အခန်း - ၉ (စီမံချက်ရေးဆွဲခြင်း) ရှိ "သက်သေများ အားချဉ်းကပ်ခြင်း" လေ့ကျင့်ခန်းအတွက် အသုံးပြုခဲ့သည့် အလားတူ ဖြစ်စဉ်များကို အသုံးပြုနိုင်သည်။ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းမှ ဖြစ်စဉ်များသည် ဥပမာအဖြစ်သာ ရည်ရွယ်ပြီး၊ သင်တန်းဆရာသည် ပြည်တွင်းသတင်းစာ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အစီရင်ခံစာများမှ ကျူးလွန်ခံရသူ/ သက်သေ ထွက်ဆိုချက်များကို အသုံးပြုရန် စဉ်းစားသင့်သည်။

သင်တန်းသားများကို အဖွဲ့များခွဲထားသင့်ပြီး အဆိုပါ ကျူးလွန်ခံရသူ သို့မဟုတ် သက်သေအတွက် အသေးစိတ် တွေ့ဆုံမေးမြန်းမှု စီမံချက်တစ်ခုကို ပြင်ဆင်ခိုင်းသင့်သည်။ ၎င်းတို့သည် PEACE ပုံစံကို မူဘောင်တစ်ခုအဖြစ်အသုံးပြု၍ တွေ့ဆုံမေးမြန်းမှု၏ မတူညီသောအဆင့်တစ်ခုစီတွင် မည်သည့်လုပ်ဆောင်မှုများ သို့မဟုတ် နည်းစနစ်များလိုအပ်မည်ကို စဉ်းစားသင့်သည်။ ၎င်းတို့သည် ဖြေကြားသူတစ်ယောက်၏ သီးခြားလိုအပ်ချက်များနှင့် အကြောင်းအရာ၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် လွှဲပြောင်းပေးမှုဆိုင်ရာ ကိစ္စရပ်များ၊ တွေ့ဆုံမေးမြန်းမည့် အဖွဲ့၏ အသင့်လျော်ဆုံးဖွဲ့စည်းမှုနှင့် ကိုယ်ရေးအကျဉ်းကို ထည့်သွင်းစဉ်းစားသင့်သည်။ ဖြစ်နိုင်ပါက၊ ဖြေကြားသူသည် ၎င်း၏ မေးမြန်းသူနှင့် စကားပြန်၏ ကျား မ gender(အရင်းအမြစ် သို့မဟုတ် ဝန်ထမ်း အခက်အခဲများရှိနိုင်သည် ) နှင့် ပတ်သက်၍ ရွေးချယ်ခွင့် ပေးသင့်သော်လည်း၊ ၎င်းတို့ ပိုမိုနှစ်သက်သော/ပို၍ အဆင်ပြေနိုင်မည့် လိင်တူညီသော တစ်စုံတစ်ဦးကို အလိုအလျောက် မရွေးချယ်သင့်ကြောင်း သင်တန်းဆရာ မှ သတိပေးသင့်သည်။

သင်တန်းသားများသည် တွေ့ဆုံမေးမြန်းမည့် နေရာသို့ (တွေ့ဆုံမေးမြန်းမည့် အဖွဲ့နှင့် ဖြေကြားသူ) အသွားအပြန် ပို့ဆောင်ခြင်းအပါအဝင်၊ တွေ့ဆုံမေးမြန်းမှု အချိန်ဇယားနှင့် ကြာမြင့်နိုင်သည့်အချိန်၊ ဖြေကြားသူသည် ဗိုက်ဆာ/ပင်ပန်း/နေမကောင်းခြင်းဖြစ်ပွားခဲ့ပါက အရေးပေါ်ဆောင်ရွက်ထားရှိမှုနှင့် တွေ့ဆုံမေးမြန်းမှုများစွာ ပြုလုပ်ရန်လိုအပ်နိုင်မလားအစသဖြင့် လက်တွေ့ကျသောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်များကို ထည့်သွင်း

စဉ်းစားသင့်သည်။ ထို့နောက် အဖွဲ့များသည် ၎င်းတို့ ပြည့်စုံအောင်ရေးဆွဲထားသည့် တွေ့ဆုံမေးမြန်းမှု စီမံချက်ကို ကျန်အဖွဲ့များအား ရှင်းလင်းတင်ပြကာ သင်တန်းဆရာထံမှ မေးခွန်းများနှင့် တုံ့ပြန်ချက်များကို ဆွေးနွေးမှုပြုလုပ်ရမည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈